**The Karen Women's Organization Condemns Escalating Violence in Karen State and Calls for An Urgent Response by the International Community**

20 January 2021: The Karen Women's Organization (KWO) condemns the latest attacks by the Burma Army in northern Karen State against innocent civilians. These merciless encroachments of villager rights must end. They warrant an immediate humanitarian response by the international community. Karen civilians are being killed and injured and are being forced to flee so the Burmese military can build a road.

At this point we know the recent artillery fire by the Burma Army has led to the displacement of nearly 4000 civilians, the death of a village chief, the serious injury of an 11-year-old boy and the injury of a villager tending to his livestock who was struck in the head and thighs by heavy mortars amid clashes. The attacks continue as we write this. These acts of political warfare by the Burma Army are shameful and demand redress. The Burma Army is trying to force the building of a military road through villagers' traditional land claiming it's for their benefit while silencing voices of dissent. Our communities have suffered abuse for decades. Despite being the architects of the Nationwide Ceasefire Agreement (NCA), the Burma Army continues to relentlessly abuse and violate the terms. The series of attacks shows that they are not genuinely committed to peace and unity in the country.

The lack of positive improvements through the deadlocked peace process calls into question the possibility of any meaningful change. The highly exclusive meetings during the peace talks have discounted civilian input, forcing key stakeholders to walk away from negotiations several times. The insufficient monitoring process and lack of accountability for violations of the NCA must be addressed. How can the process move forward if already existing agreements are ignored with impunity?

The military leadership has used Karen people's land to build roads and for construction projects. This has fueled widespread displacement. These actions are simply a political tool used by the Burma Army to steal land, create fear and to exert control over the local population.

A growing movement of Karen civilians are refusing to tolerate the continued violence by the Burmese military. KWO supports the call by the over 10,000 villagers protesting the Burma Army's presence and demanding the immediate withdrawal of Burma Army bases. Villagers see the construction of the road as provoking fighting, which endangers their lives and livelihoods. They are against any investment in their areas before a political solution is reached. Community-based organizations, including KWO, support their calls for an immediate end to all development projects.

The current bombing of civilians is a violation of international law and the international community has an obligation to hold the Burma Army accountable for their crimes against our indigenous community. Further, funding for the peace process should be stopped until the Burmese Army's actions are consistent with the NCA. The National League for Democracy led

government must take responsibility for the actions of the Burma Army. We call on the Burma Army to stop fighting and to immediately withdraw all troops. It is time for real peace.

**Media Contact**

1. Naw K'nyaw Paw, KWO General Secretary
English and Karen: +66 810295503

2. Naw Alice, KWO Vice Chair
Burmese and Karen: +66 988 143294

**ကရင်အမျိုးသမီးအစည်းအရုံးက ကရင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ တိုးမြင့်လာခြင်းအပေါ် ရှုံ့ချလိုက်သည်။**
**အရေးပေါ် တုန့်ပြန်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းကို တောင်းဆိုလိုက်သည်။**

ရက်စွဲ။ ၂၀၂၁ ခုနှစ် ဇန္နဝါရီလ ၂၀ ရက်။

ကရင်ပြည်နယ်မြောက်ပိုင်းတွင် အပြစ်မဲ့အရပ်သားများအပေါ် မြန်မာစစ်တပ်၏ ယခုနောက်ဆုံးတိုက်ခိုက်မှုများအား ကရင်အမျိုးသမီးအစည်းအရုံး(**KWO**)က ပြစ်တင်ရှုတ်ချသည်။ ရွာသားများ၏အခွင့်အရေးများကို သနားညှာတာမဲ့စွာ ချိုးဖောက်နေမှုများ ရပ်တန့်ရမည်။ သူတို့သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ လူသားချင်းစာနာသောတုန့်ပြန်မှုကို ချက်ချင်းလိုအပ်နေသည်။ မြန်မာစစ်တပ်က လမ်းဖောက်လုပ်နိုင်ရန်အတွက် ကရင်အရပ်သားများ သတ်ဖြတ်ခံနေရသည်၊ ဒဏ်ရာရနေကြသည်၊ ဆန္ဒမပါပဲ ထွက်ပြေးတိမ်းရှောင်ကြရသည်။

မကြာသေးမီက မြန်မာစစ်တပ်၏လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သား၄၀၀၀နီးပါး အိုးအိမ်စွန့်ခွာခဲ့ရသည်၊ ရွာလူကြီးတစ်ဦး သေဆုံးခဲ့သည်၊ ၁၁ နှစ်အရွယ်ယောကျ်ားလေးတစ်ဦး ပြင်းထန်စွာဒဏ်ရာရခဲ့ပြီး မွေးမြူရေးခြံအတွင်း အလုပ်လုပ်နေသောရွာသားတစ်ဦး၏ ခေါင်းနှင့်ပေါင်တို့တွင် တိုက်ပွဲများအတွင်းက လက်နက်ကြီးမော်တာဆန်များ ထိမှန်ခဲ့သည်။ ယခုထုတ်ပြန်ကျေညာချက်ကို ရေးနေသည့်အချိန်အထိ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။ ထိုသို့သော နိုင်ငံရေးဆိုင်ရာစစ်ဆင်သည့်အပြုအမူများသည် ရုက်ဖွယ်ကောင်းပြီး ပြင်ဆင်ရန်တောင်းဆိုလိုက်သည်။ မြန်မာစစ်တပ်သည် ဗျူဟာမြောက်လမ်းတစ်ခုကို ကျေးရွာသားများ ရေးအစဉ်အဆက်ပိုင်ဆိုင်ခဲ့သောမြေပေါ်တွင် သူတို့အကျိုးစီးပွားအတွက်ဟု အကြောင်းပြလျက် ဆန့်ကျင်သည့်အသံများကို တိတ်ဆိတ်စေလျက် အတင်းအဓမ္မဖောက်လုပ်ရန် ကျိုးပမ်းလျက်ရှိသည်။ မိမိတို့အသိုင်းအဝိုင်းသည် ဆယ်စုနှစ်ပေါင်းများစွာ ချိုးဖောက်ကျူးလွန်မှုများကို ခံစားခဲ့ရပြီးဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(**NCA**) ၏ ပိသုကာများဖြစ်သော်လည်း မြန်မာစစ်တပ်သည် သတ်မှတ်ချက်များကို အတောမသတ်အလွဲသုံးပြီး ချိုးဖောက်သည်။ အစီအစဉ်တကျ တိုက်ခိုက်မှုများက သူတို့သည် ငြိမ်းချမ်းရေးနှင့်နိုင်ငံအတွင်း ညီညွတ်ရေးတို့ကို စစ်စစ်မှန်မှန် လိုလားခြင်း မရှိကြောင်း ပြသနေသည်။

ပိတ်ဆို့နေသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတဆင့် အပြုသဘောတိုးတက်မှုများမရှိခြင်းသည် အဓိပ္ပာယ်ရှိသော ပြောင်းလဲမှုတစ်စုံတစ်ရာ ဖြစ်လာနိုင်ချေရှိမရှိကို မေးခွန်းထုတ်စရာဖြစ်စေသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း တင်းကြပ်စွာ ကန့်သတ်ထားသောအစည်းအဝေးများသည် အရပ်သားများ၏ အချက်အလက်ဖြည့်စွက်မှုကိုလျော့နည်းစေပြီး ပတ်သက်ဆက်နွယ်သူများကိုလည်း ညှိနိုင်းဆွေးနွေးမှုများမှ အကြိမ်များစွာထွက်သွားစေခဲ့သည်။ လုံလောက်မှုမရှိသောစောင့်ကြည့်မှုလုပ်ငန်းစဉ်နှင့် **NCA** ချိုးဖောက်မှုများအတွက် တာဝန်ခံမှုမရှိခြင်းတို့ကို ဖြေရှင်းရမည်။ တည်ရှိနေသောသဘောတူညီချက်များကို လျစ်လျူရှုပြီး အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိနေခြင်းတို့က လုပ်ငန်းစဉ်ကို မည်သို့လျှင်ရှေ့သို့တိုးတက်စေနိုင်မည်နည်း။

စစ်တပ်ဦးဆောင်မှုက လမ်းဖောက်လုပ်ရန်နှင့် ဆောက်လုပ်ရေးစီမံကိန်းများအတွက် ကရင်ပြည်သူများ၏မြေများကို အသုံးပြုခဲ့ကြသည်။ ဤအပြုအမူများသည် မြန်မာစစ်တပ်အား မြေများခိုးယူရန်၊ အကြောက်တရားဖန်တီးရန်နှင့် ဒေသခံလူထုအပေါ် ထိန်းချုပ်မှုကိုလုပ်ဆောင်ရန် မြန်မာစစ်တပ်က အသုံးပြုသောနိုင်ငံရေးနည်းလမ်းများသာ ရှိုးရှင်းစွာဖြစ်လျက်ရှိသည်။

ကရင်အရပ်သားများ၏ ကြီးထွားလာနေသောလှုပ်ရှားမှုသည် မြန်မာစစ်တပ်၏ ဆက်လက်အကြမ်းဖက်မှုအပေါ် သည်းခံခြင်းမပြုရန် ငြင်းဆန်နေသည်။ ရွာသား ၁၀၀၀၀ ကျော်က လက်နက်ကိုင်တည်ရှိမှုကိုဆန့်ကျင်ပြီး မြန်မာစစ်တပ် တပ်စခန်းများ ချက်ချင်းရုတ်သိမ်းရန် တောင်းဆိုမှုများကို **KWO** က ထောက်ခံသည်။ လမ်းဖောက်လုပ်ခြင်းသည် ရွာသားများ၏ဘဝနှင့်လုပ်ကိုင်စားသောက်မှုကို အန္တရာယ်ဖြစ်စေသောတိုက်ခိုက်မှုများကို ဖြစ်ပေါ်စေသည်ဟု ရွာသားများကရှုမြင်ကြသည်။ သူတို့က နိုင်ငံရေးပြေလည်မှုကို မရောက်ရှိနိုင်သေးမီ သူတို့၏နယ်မြေများတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆန့်ကျင်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများအားလုံးကို ချက်ချင်းအဆုံးသတ်ရန် သူတို့၏တောင်းဆိုမှုကို **KWO** အပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများက ထောက်ခံသည်။
အရပ်သားများအပေါ် လတ်တလော ပုံးကျဲတိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး မိမိတို့ဌာနေတိုင်းရင်းသားအသိုင်းအဝိုင်းအပေါ် သူတို့၏ကျူးလွန်မှုများအတွက် မြန်မာစစ်တပ်ကို တာဝန်ခံစေရန် နိုင်ငံတကာအသိုင်းအဝိုင်းတွင် တာဝန်ရှိသည်။ ထို့အပြင် မြန်မာစစ်တပ်၏အပြုအမူများသည် **NCA** နှင့် ကိုက်ညီမှုရှိလာသည်အထိ ငွေကြေးထောက်ပံ့မှုများကို ရပ်ဆိုင်းထားရမည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သောအစိုးရသည် မြန်မာစစ်တပ်၏ အပြုအမူများအတွက် တာဝန်ယူရမည်။  မိမိတို့အနေဖြင့် မြန်မာစစ်တပ်ကို တိုက်ခိုက်မှုများရပ်ဆိုင်းရန်နှင့် တပ်ဖွဲ့များအားလုံးကို ချက်ချင်းဆုတ်ခွာရန် တောင်းဆိုသည်။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက် အချိန်ရောက်ပါပြီ။

**မီဒီယာများ ဆက်သွယ်ရန်**


၁။ နော်ကညောဖော၊ **KWO** အထွေထွေ အတွင်းရေးမှူး
အင်္ဂလိပ်နှင့် ကရင်။ +66 810295503

၂။ နော်အဲလစ်၊ **KWO** ဒုတိယ ဥက္ကဋ္ဌ
မြန်မာနှင့် ကရင်။ +66 988 143294